# လူထုတစ်ရပ်လုံး (အထူးသဖြင့် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင် နေထိုင်သောသူများ) အတွက် ကောင်းမွန်သောမိဘ အုပ်ထိန်းမှုကို မြှင့်တင်ရန်နှင့် အကြမ်းဖက်မှုများကို လျော့ကျစေနိုင်ရန် အကျိုးရှိသော နည်းဗျူဟာများ



၂၀၁၉ ခုနှစ်တွင် *WHO*၊ *UNICEF* နှင့် *Parenting for Lifelong Health* တို့သည် လူထုအတွင်း အထူးသဖြင့် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင် နေထိုင်သောသူများတွင် မိဘအုပ်ထိန်းမှုစီမံကိန်းများ လုပ်ဆောင်မှုကို မြှင့်တင်ရန် လိုအပ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းသည် ရွှေ့ပြောင်းနှင့် နေရပ်စွန့်ခွာ မိသားစု ၂ သန်းကျော်ရှိသည့် ထိုင်းမြန်မာနယ်ကဲ့သို့ အတင်းအကြပ် နေရပ်စွန့်ခွာသူများသည့် အခြေအနေတွင် လုံခြုံမှုမရှိခြင်း၊ ဆင်းရဲမွဲတေခြင်း၊ အရေးပါသည့်ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရန် အကန့်အသတ်ရှိခြင်းတို့ကို ကြုံတွေ့ရသည့်အခြေအနေများတွင် အထူးသဖြင့်အရေးပေါ်လိုအပ်သည်။

## မိသားစုပုံရိပ် ရုပ်ရှင် - ကောင်းမွန်သော မိဘအုပ်ထိန်းမှုကို မြှင့်တင်ရန်နှင့် ကလေးများအပေါ် အကြမ်းဖက်မှုကို လျှော့ချရန် ရုပ်ရှင်ကို အသုံးပြုခြင်း



မိသားစုပုံရိပ် ရုပ်ရှင်သည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနှင့်နေရပ်စွန့်ခွာမိသားစုဝင်များ ပူးတွဲဖန်တီးထားသော ရုပ်ရှင်-အခြေပြု ကြားဝင်ဆောင်ရွက်မှုဖြစ်ပြီး *WHO-UNICEF Parenting for Lifelong Health* တို့၏[i] မိဘအုပ်ထိန်းမှုစီမံကိန်းများမှ သက်သေ-အခြေပြု မိဘအုပ်ထိန်းမှု အတတ်ပညာများကို အသုံးပြုထားသည်။ ဤအကျဉ်းချုပ် အစီရင်ခံစာသည် ထိုင်း-မြန်မာနယ်စပ်တွင် နေထိုင်သော ကလေးပြုစုစောင့်ရှောက်သူ ၂,၂၄၉ ဦးနှင့် မိသားစုပုံရိပ် ရုပ်ရှင်ဖြင့် အကဲဖြတ်စမ်းသပ်မှုမှ ရလဒ်များဖြစ်သည်။ **ကောင်းမွန်၊ ပျော်ရွှင်သောမိဘအုပ်ထိန်းမှုအား မြှင့်တင်ခြင်း၊ ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ကာကွယ်တားဆီးခြင်း** နှင့် **ကလေးများနှင့်ပတ်သက်ပြီးအစောပိုင်းသင်ယူခြင်းလှုပ်ရှားမှုများတွင် ပြုစုစောင့်ရှောက်သူများမှပါဝင်ခြင်း၏** **ကောင်းမွန်သော အကျိုးသက်ရောက်မှုများ**ကို ရလဒ်အဖြစ် ပြထားသည်။ မိသားစုပုံရိပ်ရုပ်ရှင်သည် မိဘအုပ်ထိန်းမှုအသိပညာ၊ မိသားစုအတွင်း ပေါင်းသင်းဆက်ဆံခြင်းနှင့် **လူမှုရေးပံ့ပိုးမှု**တို့အပေါ် **ကောင်းမွန်သောအကျိုးသက်ရောက်မှုများ** ရှိခဲ့ပြီး **ကြမ်းတမ်းသောပြစ်ဒဏ်ပေးဆုံးမခြင်းလိုအပ်သည်ဟူသော** ကလေးပြုစုစောင့်ရှောက်သူများ၏ ယုံကြည်ချက်ကို လျှော့ချပေးခဲ့သည်။

**မြန်မာနိုင်ငံမှ ပြုစုစောင့်ရှောက်သူဦးရေ ၂,၂၄၉ ဦးဖြင့် ၂၀၂၃ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သော ကနဦးလေ့လာမှုတွင် ကလေးများအပေါ်အကြမ်းဖက်မှုကျရောက်နိုင်ခြေ တိုးမြင့်စေသည့် အခက်အခဲဒုက္ခများကို တွေ့ရှိခဲ့သည်။**

- ပြုစုစောင့်ရှောက်သူ ၇၈% သည် ထိုင်းနိုင်ငံတွင် တရားဝင်အထောက်အထားမရှိပါ။
- ၇၃% သည် လွန်ခဲ့သည့် ရက် ၃၀ အတွင်း ၎င်းတို့၏ မိသားစုအတွက် လုံလောက်သောအစားအစာမရှိပါ။
- ၄၄% သည် လုံခြုံမှုမရှိခြင်းကြောင့် ၎င်းတို့၏နေအိမ်မှ ထွက်ပြေးရန် (သို့) ပုန်းအောင်းရန် အတင်းအကြပ်ဖိအားပေးခြင်း ခံခဲ့ရသည်။
- ၆၈% သည် လွန်ခဲ့သည့် ရက် ၃၀ အတွင်း ၎င်းတို့၏ကလေးကို ဆုံးမရန် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အသုံးပြုခဲ့သည်ဟု အစီရင်ခံခဲ့သည်။

ပညာပေး-ဖျော်ဖြေရေး ကြားဝင်ဆောင်ရွက်မှုများသည် အသိပညာ၊ စိတ်နေသဘောထားများနှင့် အပြုအမူများတွင် ပြောင်းလဲမှုများကို မြှင့်တင်ရန် ပုံပြင်ပြောခြင်း၏ စွမ်းအားကို အသုံးပြုထားသည်။ ၎င်းတို့သည် အရင်းအမြစ်နည်းပါးပြီး အခက်အခဲဒုက္ခမြင့်မားသော အခြေအနေများအတွက် အလားအလာရှိသော မိဘအုပ်ထိန်းမှုထောက်အပံ့ကိုပေးရန် အောင်မြင်နိုင်ခြေ ရှိသည့် ချဉ်းကပ်မှုဖြစ်သည်။

မိသားစုပုံရိပ်ရုပ်ရှင်ဖြင့်ကြားဝင်ဆောင်ရွက်ခြင်းသည် ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် ရွှေ့ပြောင်းနှင့်နေရပ်စွန့်ခွာ မိသားစုများ နေထိုင်သောရပ်ကွက်များတွင် ရပ်ကွက်မှ-ပူးပေါင်းပါဝင်သော ပူးတွဲ-ဒီဇိုင်းရေးဆွဲခြင်း နည်းလမ်းကို အသုံးပြုပြီး ထုတ်လုပ်ခဲ့သည်။ မိသားစုပုံရိပ်ရုပ်ရှင်အား ဒေသခံအဖွဲ့အစည်း တစ်ခုဖြစ်သည့် Sermpanya Foundation မှ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနှင့်နေရပ်စွန့်ခွာ မိသားစုများနှင့် ဖန်တီးပြုလုပ်ထားသည်။

## ဤရုပ်ရှင်တွင် အထောက်အထားများကို အခြေခံပြီး ယဉ်ကျေးမှုဓလေ့ဖြင့်အံဝင်ခွင်ကျဖြစ်သော မိဘအုပ်ထိန်းမှုအတတ်ပညာများ ပါဝင်သည်။













[i] World Health Organization. Parenting for Lifelong Health (PLH) https://www.who.int/violence_injury_prevention/violence/child/plh/en/ မှရရှိနိုင်သည်။
[ii] Sim, A., Jirapramukpitak, T., Eagling-Peche, S., Lwin, K. Z., Melendez-Torres, G. J., Gonzalez, A., ... & Puffer, E. (2023). A film-based intervention to reduce child maltreatment among migrant and displaced families from Myanmar: Protocol of a pragmatic cluster randomized controlled trial. PLoS one, 18(10), e0293623.

## ရလဒ်များ

ဤလေ့လာအကဲဖြတ်စမ်းသပ်မှုအတွက် မိသားစုပုံရိပ်ရုပ်ရှင်ဖြင့် ကြားဝင်ဆောင်ရွက်ခြင်းကိုပြုလုပ်ရန် ထိုင်း-မြန်မာ နယ်စပ်ရှိရပ်ကွက် **၄၄ ခုတွင် ပြုစုစောင့်ရှောက်သူ ၂,၂၄၉ ဦးမှ** တဝက်ကို ကျပန်းရွေးချယ်ပြီး ကျန်တဝက်ကို ထိုနေရာဒေသအတွင်းရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး အချက်အလက်များရရှိရန် ရွေးချယ်ခဲ့သည်။ ရပ်ကွက်တွင်းရုပ်ရှင်ပြသမှုတွင် ပါဝင်ခဲ့သည့် မိသားစုများသည် ရုပ်ရှင်ကြည့်ပြီးနောက် မိနစ် ၃၀ ကြာ ဆွေးနွေးမှုတွင် ပါဝင်ခဲ့ပြီး ရုပ်ရှင်ထဲမှ အဓိက မိဘအုပ်ထိန်းမှုအတတ်ပညာများကို အကျဉ်းချုပ်ထားသည့် ပိုစတာများကို ရရှိခဲ့ကြသည်။

မိသားစုပုံရိပ်ရုပ်ရှင်ဖြင့် ကြားဝင်ဆောင်ရွက်ခြင်းကို ရရှိသည့် ပြုစုစောင့်ရှောက်သူများသည် မရရှိသည့်အဖွဲ့နှင့် နှိုင်းယှဉ်ပါက မိဘအုပ်ထိန်းမှုနှင့် မိသားစုရလဒ်များစွာတွင် **သိသာထင်ရှားသောတိုးတက်မှုများ** ရှိကြောင်း ရလဒ်များမှ ပြသသည်။

### တိုးတက်လာသည့်အချက်များ

ကောင်းမွန်သောမိဘအုပ်ထိန်းခြင်း

အစောပိုင်းသင်ယူခြင်းလှုပ်ရှားမှုများ

တွင်ပြုစုစောင့်ရှောက်သူများမှ

ပါဝင်မှုရှိခြင်း

မိဘအုပ်ထိန်းမှုအသိပညာ

လူမှုရေးပံ့ပိုးမှု

မိသားစုအတွင်း ပေါင်းသင်းဆက်ဆံခြင်း

### လျော့ကျလာသည့်အချက်များ

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

ကြမ်းတမ်းသော ပြစ်ဒဏ်ပေး

ဆုံးမခြင်းကို လိုအပ်သည်ဟူသော

ယုံကြည်ချက်

စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် အကျိုးသက်ရောက်မှုများ သို့မဟုတ် ပညာရေးဆိုင်ရာပါဝင်ပတ်သက်မှု၊ စိတ်ဖိစီးမှုကို စီမံကိုင်တွယ်ခြင်းနှင့် စိတ်ဖြေလျှော့ခြင်း၊ ပြုစုစောင့်ရှောက်သူနှင့် ကလေး၏ စိတ်ကျန်းမာရေး စသည်တို့တွင် ရုပ်ရှင်ဖြင့်ကြားဝင်ဆောင်ရွက်ခြင်းက သက်ရောက်မှု မရှိကြောင်း တွေ့ရသည်။။။

> **ဒီဇာတ်ကားကိုကြည့်ပြီးတော့ ကျွန်မစိတ်ကိုဘယ်လိုထိန်းချုပ်ရမလဲဆိုတာ သတိပြန်ရပြီး ကလေးကိုရိုက်ခါနီးမှာ ကျွန်မရဲ့လက်ကိုထိန်းချုပ်လိုက်တယ်။**
>
> \- အမျိုးသမီးပြုစုစောင့်ရှောက်သူ

> **ဒီဇာတ်ကားကို ကြည့်နေတဲ့အချိန်မှာ ကျွန်တော့်သမီးက မိဘတွေတင်မကပဲ ကလေးတွေလည်း ဒီဇာတ်ကားကို ကြည့်သင့်တယ်၊ ကလေးတွေက သူတို့ခံစားနေရတာတွေ၊ သူတို့မှာဘာတွေဖြစ်နေလဲဆိုတာတွေကို ဆွေးနွေးခွင့် ရှိသင့်တယ်လို့ ပြောခဲ့တယ်။**
>
> \- အမျိုးသားပြုစုစောင့်ရှောက်သူ

> **အရင်တုန်းက သားအဖေက သားတို့ကို အချိန်သိပ်မပေးဘူး။ သူကအမြဲတမ်း အလုပ်နဲ့ နောက်နေ့အတွက် အလုပ်ရှာဖို့အတွက်ပဲ အလုပ်ရှုပ်နေတာ။ အခုတော့ မတူတော့ဘူး။ သားအဖေအလုပ် မသွားခင် သားကျောင်းကနေ အိမ်ပြန်ရောက်တဲ့အခါဆို "သားလေး၊ အိမ်စာရှိလား။ သားနားမလည်တာတွေရှိရင် ဖေဖေ့ကိုလာပြောပြနော်" လို့သားကို မေးတယ်။ အဲတော့ အခုသားမှာ ပြဿနာတွေရှိတယ်ဆိုရင် သားအဖေဆီသွားပြောပြတယ်။**
>
> \- ဆယ်ကျော်သက်ကောင်လေး

## အကျဉ်းချုပ်

ဤလေ့လာမှုတွင် ရုပ်ရှင်ဖြင့်ကြားဝင်ဆောင်ရွက်ခြင်းသည် ထိုင်း-မြန်မာနယ်စပ်ကဲ့သို့သော အရင်းအမြစ်နည်းပါးပြီး၊ လုံခြုံမှုမရှိသည့်အခြေအနေများတွင် **ကောင်းမွန်၊ ပျော်ရွှင်သော မိဘအုပ်အုပ်ထိန်းမှုကို တိုးမြင့်စေနိုင်ပြီး ကလေးများအပေါ်အကြမ်းဖက်ခြင်းကို လျှော့ချစေနိုင်သည်ဟု** ပထမဦးဆုံးအနေဖြင့် ပြသခဲ့သည်။ မိဘအုပ်ထိန်းမှုအတတ်ပညာများနှင့် အပြုအမူများကို တိုးတက်စေရန် ရုပ်ရှင်ကိုအသုံးပြုခြင်းသည် ကုန်ကျစရိတ်နည်းပါးပြီး ကလေးများအပေါ်အကြမ်းဖက်ခြင်းကို လူထုအတွင်း အထူးသဖြင့် အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင် နေထိုင်သောသူများတွင် လျှော့ချရာ၌ အောင်မြင်ရန် အလားအလာရှိသည်။


**ဆက်သွယ်ရန်**

**Dr Amanda Sim**
McMaster University
siml3@mcmaster.ca

**Mary Soan**
Sermpanya Foundation
mary@sermpanya.org



သုတေသနမိတ်ဖက်အဖွဲ့များ | **McMaster University, Mahidol University, Duke University, University of Oxford**

အကောင်အထည်ဖော်လုပ်ဆောင်ခြင်းမိတ်ဖက်အဖွဲ့များ | **Sermpanya Foundation, Mae Tao Clinic, Help Without Frontiers Thailand Foundation, Inclusive Education Foundation**